# ခန္ဓာ (၅) ပါးကို (၁၁) ပါးသော အခြင်းအရာအားဖြင့် ရှုနည်း

**ကာလအားဖြင့်** = အတိတ်, အနာဂတ် ပစ္စုပ္ပန် တစ်တွဲရှုရမည်။

**သန္တာန်အားဖြင့်** = အဇ္ဈတ္တ, ဗဟိဒ္ဓ တစ်တွဲ ရှုရမည်။

သြဠာရိက, သုခုမ တစ်တွဲရှုရမည်။

သြဠာရိက= ဉာဏ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင်သောအခါ ပေါ်လွင်ထင်ရှားသောရုပ်။

သုခုမ = ဉာဏ်မျက်စိဖြင့် ကြည့်ရှုဆင်ခြင်သောအခါ မပေါ်လွင် မထင်ရှားသောရုပ်။

**ပုဂ္ဂိုလ်အားဖြင့်** = ဟီန, ပဏီတ တစ်တွဲ ရှုရမည်။

| | | | |
|---|---|---|---|
| ဟီန | တိရစ္ဆာန်သန္တာန်၌ဖြစ်သောရုပ် | လူ | နတ် |
| ပဏီတ | လူသန္တာန်၌ဖြစ်သောရုပ် | နတ် | ဗြဟ္မာ |

**ဌာနအားဖြင့်** = ဒူရ, သန္တိက တစ်တွဲဟု သူ့အမျိုးနှင့်သူ တွဲ၍ ရှုရမည်။

ဒူရ = ဉာဏ်ဖြင့် လှမ်း၍ယူလျှင် အလွယ်တကူ မသိနိုင်သောရုပ်။

သန္တိက = ဉာဏ်ဖြင့် လှမ်း၍ယူလျှင် အလွယ်တကူ သိနိုင်သောရုပ်။

**ဖြစ်ကြောင်းတရား**

ဥပမာအားဖြင့် (က) ဖားဖို၏ကိုယ်ထည်

(ခ) ၎င်း၏နှုတ်သီးပျောင်း

(ဂ) ဆွဲမှု

ဤအကြောင်း (၃) ပါးကြောင့် ဖားဖိုမှလေသည် အဆင့်ဆင့် မပြတ်ဖြစ်နေသကဲ့သို့ ထို့အတူပင် ဖြစ်ကြောင်းတရားသည်

(က) ဝမ်းဗိုက်စသောကိုယ်

(ခ) နှာခေါင်းပေါက်

(ဂ) စိတ်

ဤအကြောင်း (၃) ပါးကြောင့် ခန္ဓာကိုယ်၌ ဝင်သက်ထွက်သက်ရုပ်အပေါင်းသည် အဆင့်ဆင့် ဖြစ်ပေါ်လျက်ရှိသည်။

**ဖြစ်မှုသဘော**

ဖြစ်မှုသဘောမှာ ဝင်လေထွက်လေတို့သည် ဝင်ရာအရပ်၌ အဆင့်ဆင့် ထိလျက် အသစ်အသစ် ဖြစ်ပေါ်နေခြင်းကို ဆိုလိုသည်။

**ပျက်ကြောင်းတရား**

ဥပမာအားဖြင့် (က) ဖားဖိုလည်းမရှိ (ခ) ၎င်း၏ နှုတ်သီးပျောင်းလည်းမရှိ (ဂ) လေထွက်အောင် ဆွဲမှုလည်းမရှိ ဤအကြောင်း (၃) ပါး မရှိလျှင် ဖားဖိုမှ လေသည် မထွက်သကဲ့သို့

(က) ဝမ်းဗိုက်စသော ကိုယ်လည်းမရှိ (ခ) နှာခေါင်းလည်းမရှိ (ဂ) စိတ်လည်းမရှိ ဤအကြောင်း (၃) ပါး မရှိလျှင် ဝင်လေထွက်လေရုပ်အပေါင်းသည် မဖြစ်ပေါ်နိုင်ဘဲ ပျောက်ပျက် ချုပ်ငြိမ်းသည်။

**ပျက်မှုသဘော**

ပျက်မှုသဘောမှာ ဝင်လေထွက်လေတို့သည် ထိရာအရပ်၌ ထိရင်းဖြင့် လျင်မြန်စွာ ပျောက်ပျက်သွားမှုကို ဆိုလိုသည်။